## ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဗဟိုအဖွဲ့ အစည်းအဝေး (၂/ ၂၀၂၀) တွင် ပြည်ထောင်စုဝန်ကြီးဒေါက်တာမြင့်ထွေး ပြောကြားခဲ့သည့် မိန့်ခွန်းကောက်နုတ်ချက်

ရုံးအမှတ်(၄)၊ နေပြည်တော်။ ၂၀၂၀ ခုနှစ်၊ ဩဂုတ်လ (၂၇)ရက်နေ့

- ဒီအစည်းအဝေးဟာ ပုဂ္ဂလိကကျန်းမာရေး ကဏ္ဍအတွက်သာမက နိုင်ငံ၏ကျန်းမာရေးကဏ္ဍအတွက်ပါ အရေးကြီးတဲ့ အစည်းအဝေးဖြစ်ပါတယ်။
- ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ပြီး အရည်အသွေးမြင့်မားကောင်းမွန်ပါက ပြည်သူများအနေနဲ့ အရည်အသွေးပြည့်ဝတဲ့ ကျန်းမာရေးစောင့်ရှောက်မှုကို ရရှိကြမှာဖြစ်ပါတယ်။
- ဒီအစည်းအဝေးသို့ တက်ရောက်လာကြတဲ့ ဌာနပေါင်းစုံ၊ ကဏ္ဍပေါင်းစုံမှ တာဝန်ရှိသူများအနေနဲ့ ပုဂ္ဂလိကကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိသက်ဆိုင်ရာကျွမ်းကျင်မှုပညာရပ်အလိုက် ဆွေးနွေးကာ စီမံခန့်ခွဲမှုရှုထောင့်မှ ဆွေးနွေးပြီး ပြည်သူလူထုနှင့် လူနာများရဲ့ ရှုထောင့်နေရာမှ ဆွေးနွေးတာကိုလည်း ပြုလုပ်စေလိုပါတယ်။
- ပုဂ္ဂလိကျန်းမာရေးဥပဒေ (၂၀၁၃) နှင့် နည်းဥပဒေတို့မှ အချက်များကို ပြန်လည်သုံးသပ်မှုများပြုလုပ်ပြီး ခေတ်နှင့်အညီ ပြုပြင်သင့်တဲ့အချက်များရှိပါက ပြုပြင်နိုင်ရေး အကြံပြုစေလိုပါတယ်။
- ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့ရဲ့ တာဝန်ဝတ္တရားများနှင့် ဗဟိုအဖွဲ့တွင် ထပ်တိုးပါဝင်သင့်တဲ့ ကဏ္ဍနယ်ပယ်အလိုက် ပညာရှင်များကိုလည်း အကြံပြုကြစေလိုပါတယ်။
- ပုဂ္ဂလိက ဆေးရုံဆေးခန်းများ၊ ခတ်ခွဲခန်းများ၊ ရောဂါရှာဖွေရေးစင်တာများ စတာတွေကို လုပ်ငန်းလိုင်စင်များချထားပေးရန်နှင့် အရည်သွေးပြည့်ဝမှု ရှိ/ မရှိ စစ်ဆေးရာများမှာလည်း အသုံးပြုတဲ့ ဆန်းစစ်အကဲဖြတ်မှုပုံစံ(Checklist) များကို ခေတ်နှင့်အညီ ပြည့်စုံကောင်းမွန်စေရေး မွမ်းမံရေးဆွဲစေလိုပါတယ်။
- အဲဒီ ဆန်းစစ်အကဲဖြတ်မှုပုံစံ(Checklist) များမှာ ပုဂ္ဂလိကဆေးရုံ/ဆေးခန်းများ၊ ခတ်ခွဲခန်းများ၊ ရောဂါရှာဖွေရေးစင်တာများ အနေနဲ့ မဖြစ်မနေကိုက်ညီရမယ့် အချက်များနှင့် ပိုမိုကောင်းမွန်စေရေး ကိုက်ညီမှုရှိရမယ့်အချက်များ ပါဝင်ရမှာဖြစ်ပါတယ်။

- ခေတ်ခွဲ၊ ခေတ်မှန်နှင့် ရောဂါရှာဖွေရေးစက်ပစ္စည်းကိရိယာများရဲ့ အရည်အသွေးပြည့်မီမှု၊ အဲဒီ စက်ပစ္စည်းကိရိယာများကို ကိုင်တွယ်အသုံးပြုမယ့်ပညာရှင်များ ပါဝင်မှု ရှိ၊ မရှိကို အလေးထား စစ်ဆေးသွားရမှာဖြစ်ပါတယ်။
- ဒီလိုစစ်ဆေးမှုများ ပြုလုပ်ရာမှာ စစ်ဆေးမယ့်အဖွဲ့မှာ သက်ဆိုင်ရာပညာရှင်များ စုံလင်စွာပါဝင်ရမှာဖြစ်ပါတယ်၊
- ဒီဗဟိုအဖွဲ့ဟာ နိုင်ငံအတွင်းရှိ ပြည်သူများအတွက် ကျန်းမာရေးဝန်ဆောင်မှုများနှင့် သက်ဆိုင်နေတဲ့အတွက် အလွန်အရေးကြီးတဲ့ အဖွဲ့ကြီးဖြစ်ပြီး ဒီအစည်းအဝေးမှ ရရှိလာတဲ့အကြံပြုချက်များကို ဝန်ကြီးဌာနအနေနဲ့ အထူးအလေးပေး ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

**အစည်းအဝေးတက်ရောက်သူများစာရင်း –**

- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ
- ညွှန်ကြားရေးမှူးချုပ်များ၊
- ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊
- မြန်မာနိုင်ငံဆေးကောင်စီ၊
- မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့၊
- မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီ၊
- မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊
- မြန်မာနိုင်ငံရဲတပ်ဖွဲ့၊
- အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊
- လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း၊
- စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊
- ပြည်တွင်းအခွန်များဦးစီးဌာန၊
- ကုန်သွယ်ရေးဦးစီးဌာန၊
- အဆောက်အဦဦးစီးဌာန၊
- မီးသတ်ဦးစီးဌာန၊
- နေပြည်တော်စည်ပင်သာယာရေးကော်မတီနှင့်
- ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတို့မှ တာဝန်ရှိသူများ

**(ဤမိန့်ခွန်းသည် ပြည်ထောင်စုဝန်ကြီး၏ လက်ရေးမူမှ ပြန်လည်ရိုက်နှိပ်ထားခြင်း ဖြစ်ပါသည်။)**